***နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ***

## အပိုင်း ၇ ၊ အခန်း ၁၇ - အမျိုးသားများနှင့် ယောကျ်ားလေးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ

**သင်ခန်းစာရည်ရွယ်ချက်များ**

ဤ**သင်တန်း**အပြီးတွင် ပါဝင်တက်ရောက်သူများအနေဖြင့်

- ဖြည့်သွင်းရန် ပုံစံစာရွက်များ၊ ဆောင်ရွက်ရမည့် လုပ်ငန်းအတိုင်းအတာများနှင့် အမျိုးသားများနှင့် ယောကျ်ားလေးများအပေါ်• CARSV ပဋိပက္ခ၊ ရက်စက် ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင် အကြမ်းဖက်မှု ၏ထူးခြားသောသက်ရောက်မှုများကို ရှင်းပြနိုင်ခြင်း။
- အမျိုးသားများကို ဦးတည်ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၏ ယေဘုယ ယုံကြည်မှု အမှားများနှင့် ညွှန်းဆိုဖော်ပြချက်များကို သိရှိနားလည်ခြင်း။
- အကြမ်းဖက်ခံရသူ အမျိုးသားများ ကြုံတွေ့ရသော ဥပဒေ ဆိုင်ရာနှင့် လက်တွေ့အတားအဆီးများကို ဖော်ထုတ်သတ်မှတ်ခြင်း။
- မှတ်တမ်းပြုစုနေစဉ်အတွင်း ကြုံတွေ့ရမည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် အသုံးဝင်မည့် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းများကို ဖော်ထုတ်သတ်မှတ်ခြင်း။

အကြံပြုထားသော သင်တန်းကြာမြင့်ချိန်- မိနစ် ၆၀မှ ၉၀

**လေ့ကျင့်ခန်း**

လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသူ အမျိုးသားများနှင့် သက်ဆိုင်သည့် မိမိကိုယ်ပိုင် ထင်မြင်ယူဆချက်များကို လေ့လာခြင်း။ (မိနစ် ၃၀-၄၅)

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

## နိုင်ငံတကာ လုပ်ထုံးလုပ်နည်း၏ ဆက်စပ်သော သင်ခန်းစာများ

စာမျက်နှာ ၂၆၄-၂၈၁ ၊ အခန်း ၂ - လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို နားလည်သဘောပေါက်ခြင်း။ အခန်း ၇ - မထိခိုက်စေပါနှင့် Do No Harm။ အခန်း ၈ - လုံခြုံမှုနှင့် ဘေးကင်းစိတ်ချရမှု။ အခန်း ၉ - အစီအစဉ်ရေးဆွဲခြင်း။ အခန်း ၁၁ - တွေ့ဆုံမေးမြန်းခြင်း။ အခန်း ၁၆ - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း။ နောက်ဆက်တွဲ ၇ - တွေ့ဆုံမေးမြန်းရာတွင် တိုက်ဆိုင်စစ်ဆေးရမည့် အချက်များ။ နောက်တွဲ ၈ - အကြမ်းဖက်ရသူများ/ မျက်မြင်သက်သေများထံမှ ကောက်ယူထားသော ကိုယ်ရေးအချက်အလက်များဖြည့်သွင်းရန် ပုံစံ။

ဤသင်ခန်းစာမှာ အမျိုးသားများနှင့် ယောကျ်ားလေးများ အပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုများကို အထူးပြုထားခြင်း ဖြစ်ပြီး မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ရာတွင် • CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင် အကြမ်းဖက်မှု ဆိုင်ရာ အမျိုးသား အကြမ်းဖက်ခံရသူများ အတွက်ပါ ထည့်သွင်းစဉ်းစားပေးရန် ရည်ရွယ်သည့် အဓိက စဉ်းစားသုံးသပ်ချက်များကို ဖော်ပြထားခြင်းဖြစ်ပါသည်။ ဤသင်ခန်းစာမှာ အပိုင်း ၇ ကဏ္ဍပေါင်းစုံနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ အတွက် နောက်ဆုံးသင်ခန်းစာဖြစ်ပြီး အဆိုပါသင်တန်းလက်စွဲတွင် ပါဝင်သော နောက်ဆုံးသင်ခန်းစာလည်း ဖြစ်ပါသည်။ ဤသင်ခန်းစာမှာ အခန်း ၇ (ထိခိုက်မှုမရှိအောင်ဆောင်ရွက်ခြင်း)၊ အခန်း ၉ (အစီအစဉ်ရေးဆွဲခြင်း)၊ အခန်း ၁၁ (တွေ့ဆုံမေးမြန်းခြင်း) တို့နှင့် ဆက်စပ်သော သင်ခန်းစာ ဖြစ်ပါသည်။ ဤသင်ခန်းစာတွင် • CARSV ပဋိပက္ခ၊ ရက်စက် ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင် အကြမ်းဖက်မှု ဆိုင်ရာ အကြမ်းဖက်ခံရသူ အမျိုးသား များကို မှတ်တမ်းတင်ရာတွင် ထပ်လောင်း စဉ်းစားရမည့် အချက်များကို အထူးပြုထားခြင်းဖြစ်ပြီး ယောကျ်ားလေးများကို မှတ်တမ်းတင်ရာတွင် အခန်း ၁၆ (ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း) ပါ အချက်အလက်များနှင့် အညီ

ဆောင်ရွက်ရန် အလေးပေးဖော်ပြထားပါသည်။ ဤသင်ခန်းစာပါ အချက်အလက်များမှာ ဤသင်ခန်းစာ အတွက် သီးသန့်မဟုတ်ပါ။ သင်တန်းပို့ချသူအနေဖြင့် ယခင်သင်ခန်းစာများပါ အချက်အလက်များကို လိုအပ်သလို ချိတ်ဆက် ပို့ချသွားရန် ဖြစ်ပါသည်။

ဤသင်ခန်းစာကို သင်တန်းပို့ချသူအနေဖြင့် အထူးသဖြင့် ဒေသတွင်းဆိုင်ရာ နောက်ခံအကြောင်းအရာများကို ကောင်းစွာ သဘောပေါက်နားလည်၍ မှတ်တမ်း ကောက်ယူခြင်းလုပ်ငန်းစဉ်ကို အစီအစဉ်ရေးဆွဲခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသူ အမျိုးသားများနှင့် စုံစမ်းစစ်ဆေးရေးသဘောဆောင်သော တွေ့ဆုံမေးမြန်းမှုများ ဆောင်ရွက်ရာတွင် ကျွမ်းကျင်သော အတွေ့အကြုံရှိရန်လိုအပ်ပါသည်။ သင်တန်း ပို့ချသူများအနေဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသူ အမျိုးသားများကို တွေ့ဆုံမေးမြန်းရာတွင် ထိရှလွယ်သော သဘောကိုထည့်သွင်း စဉ်းစားဆောင်ရွက်ရသည့် တွေ့ဆုံမေးမြန်းမှုနည်းစနစ်များကို ကျွမ်းကျင်သော သင်တန်းဆရာများ ဖြစ်ရန် လိုအပ်ပါသည်။

သင်တန်းပို့ချသူအနေဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသူ အမျိုးသားများကို ချဉ်းကပ်ခြင်းနှင့် တွေ့ဆုံမေးမြန်းသည့် လုပ်ငန်းအတွေ့အကြုံရှိသော သင်တန်းသားများကို ၎င်းတို့၏အတွေ့အကြုံကို အဖွဲ့နှင့် မျှဝေပေးရန် တောင်းဆိုရမည်။ ၎င်းတို့အနေဖြင့် အကြမ်းဖက်ခံရသူ အမျိုးသားများနှင့် အကြမ်းဖက်ခံရသူ အမျိုးသမီးများတို့နှင့် အပြန်အလှန်ပြောဆိုဆက်သွယ်ရာတွင် မည်သို့ ကွာခြားမှုရှိသည်ကို ထည့်သွင်းစဉ်းစားကြရန်နှင့် ၎င်းတို့ကြုံတွေ့ခဲ့သော ကိစ္စရပ်များနှင့် စိန်ခေါ်မှုများအကြောင်းကို မျှဝေပေးရန်နှင့် အဆိုပါ စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် အသုံးဝင်ခဲ့သော နည်းလမ်းများကို မျှဝေပေးကြရန် သင်တန်းသားများကို တောင်းဆိုရမည်။

အခန်း ၇ (မထိခိုက်စေပါနှင့် Do No Harm)၊ အခန်း ၉ (အစီအစဉ်ရေးဆွဲခြင်း)၊ အခန်း ၁၁ (တွေ့ဆုံမေးမြန်းခြင်း) တို့တွင် တင်ပြခဲ့သော ယေဘုယသဘောတရားများမှာ • CARSV ပဋိပက္ခ၊

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

ရက်စက် ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင် အကြမ်းဖက်မှု ဆိုင်ရာ အကြမ်းဖက်ခံရသူများ/ မျက်မြင်သက်သေများ အားလုံးအပေါ်အတွင် ကျား/မ gender နှင့် အသက်အရွယ်ဆိုင်ရာ ကန့်သတ်ချက်များမရှိပဲ အသုံးချနိုင်သည်။ သင်တန်းပို့ချသူအနေဖြင့် သက်ဆိုင်ရာ slide အချို့ကို သင့်တော်သလို ပြန်လည် ရည်ညွှန်းနိုင်ပါသည်။ ကလေးသူငယ်များနှင့် သက်ဆိုင်သော ကိစ္စရပ်များကဲ့သို့ အသက်အရွယ်နှင့် သင့်တော်သည့် သီးခြားသင်တန်းများနှင့် ကျွမ်းကျင်မှုများကို တတ်မြောက်ထားရန် မလိုအပ်သော်လည်း • CARSV ပဋိပက္ခ၊ ရက်စက် ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင် အကြမ်းဖက်မှု ဆိုင်ရာ သက်ရှင်ကျန်ရစ်သူ အမျိုးသားများနှင့် အမျိုးသမီးများကို ချဉ်းကပ်ခြင်း၊ တွေ့ဆုံမေးမြန်းခြင်းနှင့် ညွှန်းဆိုဆောင်ရွက်ခြင်းများလုပ်ဆောင်ရာတွင် ကျား/မ gender ကွဲပြားခြားနားမှု သိပ်မရှိပဲ ကျွမ်းကျင်အတတ်ပညာရှင်များ၏ ဆင်တူသော ကျွမ်းကျင်မှုများနှင့် သဘောထားများ ထားရှိရန် လိုအပ်ပါသည်။ အမျိုးသားများကို ဦးတည် ကျူးလွန်သည့် အမှုများကို ဖော်ထုတ်မည့်၊ တိကျစွာမှတ်တမ်းတင်မည့်၊ ဖြေရှင်းဆောင်ရွက်မည့် သူများအနေဖြင့် ၎င်းတို့ကိုယ်ပိုင်ဖြစ်စေ၊ ၎င်းတို့၏ ◌းကြိုတင်မှန်းဆထားသော ယူဆချက်များနှင့် ကျား/မ gender ရေးရာ ထင်မြင်ယူဆချက်များနှင့် စပ်လျဥ်း၍ သတိပြုဆောင်ရွက်ရန် လိုအပ်ပါသည်။ ထို့အပြင် အမျိုးသား အသက်ရှင်ကျန်ရစ်သူများနှင့် လုပ်ကိုင်ဆောင်ရွက်ရာတွင် ထူးခြားသော ဥပဒေရေးရာ နှင့် လက်တွေ့ဆိုင်ရာ အတားအဆီးများကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ ထို့ကြောင့် အဆိုပါ ကိစ္စရပ်များကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် အောက်တွင် ဆွေးနွေးဖော်ပြထားသော အတွေ့အကြုံများရှိရန် လိုအပ်နိုင်ပါသည်။

အခြားသော သင်ခန်းစာများ၌ သင်ခန်းစာပြီးဆုံးချိန်တွင် လေ့ကျင့်ခန်းများလုပ်ဆောင်ရန် အကြံပြု ထားသော်လည်း ယခုသင်ခန်းစာတွင်မူ အမျိုးသားများအပေါ် ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ဆိုင်ရာ ယေဘုယ အယူအဆ အမှားများနှင့် ကြိုတင်ထင်မြင်ယူဆချက်များကို ပယ်ဖျက်ရန် လေ့ကျင့်ခန်းငယ်တစ်ခုဖြင့် စတင်ရန် အကြံပြုပါသည်။

**လေ့ကျင့်ခန်းအတွက် လမ်းညွှန်ချက်များ**

"အမျိုးသားများအပေါ် ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ဆိုင်ရာ မိမိကိုယ်ပိုင် ယူဆချက်များကို လေ့လာခြင်း" လေ့ကျင့်ခန်းအတွက် သင်တန်းပို့ချသူအနေဖြင့် လုပ်ထုံးလုပ်နည်း၏ အခန်း ၁၇ ပါ ဇယား၁မှ ဖော်ပြချက်များ (အချို့ကို slide ၃ တွင် တွေ့ရှိနိုင်ပါသည်)ကို အခြေပြု၍ဖြစ်စေ မှီငြမ်း၍ ဖြစ်စေ အသုံးပြုနိုင်သည်သာမက သင်တန်းသားများလုပ်ဆောင်နေသည့်အကြောင်းအရာနှင့် ဆက်စပ်သော အခြားသော သက်ဆိုင်သည့် ကျား/မ gender ဆိုင်ရာ ကြိုတင်ထင်မြင်ယူဆချက်များကိုလည်း အသုံးပြုနိုင်သည်။

သင်တန်းသားများကို အလုပ်အဖွဲ့များအဖြစ် ခွဲပြီး တစ်ဖွဲ့ချင်းစီကို မတူညီသော အဆိုပြုဖော်ပြချက် တစ်စုံစီ စဉ်းစားကြရန် ပြောပါ။ ဖော်ပြချက်တစ်ခုချင်းစီကို စာလုံးကြီးကြီးဖြင့် ရေးသားခြင်း သို့မဟုတ် ပုံနှိပ်ခြင်း ပြုလုပ်၍ နံရံပေါ်တွင် ကပ်ထားခြင်း သို့မဟုတ် "မှန်ကန်သည်" ဖော်ပြချက်များကို တစ်ဖက်နှင့် "မှားယွင်းသည်" ဖော်ပြချက်များကို တစ်ဖက် ကပ်ထားခြင်းတို့ ပြုလုပ်ရန်ဖြစ်ပါသည်။ သင်တန်းသားများ အနေဖြင့် အဖွဲ့လိုက် အဆိုပါ ဖော်ပြချက်တစ်ခုချင်းစီကို မှန်ကန်သည်၊ အများစု မှန်ကန်သည်၊ မှားယွင်းသည် အစရှိသဖြင့် ဆွေးနွေးကြရန်ဖြစ်ပါသည် (ဖော်ပြချက် အရေအတွက်အပေါ်မူတည်၍ ၁၀-၁၅ မိနစ်ခန့် ဆွေးနွေးကြရန်ဖြစ်ပါသည်။ ဆွေးနွေးမှုအပြီးတွင် သင်တန်းကို မျက်နှာစုံညီ ဆက်လက်လုပ်ဆောင်သွားရန် ဖြစ်ပြီး တစ်ဖွဲ့ချင်းစီကို ၎င်းတို့၏ဖော်ပြချက်များကို "မှန်ကန်သည်" သို့မဟုတ် "မှားယွင်းသည်" ဟူသော ဖော်ပြချက်များအောက်တွင် ထားရှိရန် သို့မဟုတ် အမှန်အမှားကြားတွင် ရှိသည်ကို ဆုံးဖြတ်ကြရန်ဖြစ်ပါသည်။

ဤလေ့ကျင့်ခန်း၏ ရည်ရွယ်ချက်မှာ အမျိုးသားများနှင့် ယောက်ျားလေးများအပေါ် ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် စပ်လျဉ်းသည့် ယေဘုယ ယုံကြည်မှု အမှားများနှင့်

ထင်မြင်ယူဆချက်များကို လေ့လာရန်ဖြစ်သည်။ ထို့အပြင် သင်တန်းသားများကို ယခုအကြောင်းအရာနှင့် သက်ဆိုင်သည့် ၎င်းတို့၏ ကိုယ်ပိုင် ကြိုတင်မှန်းဆထားသော ယူဆချက်များကို သိမြင်စေရန်နှင့် အဆိုပါယူဆချက်များမှာ အမျိုးသားများကို ဦးတည်သည့် CARSV ပဋိပက္ခ၊ ရက်စက် ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင် အကြမ်းဖက်မှု ကိစ္စရပ်များကို သင့်လျော်စွာ ဖော်ထုတ်၍ မှတ်တမ်းတင်ရာတွင် ၎င်းတို့၏ စွမ်းဆောင်ရည်အပေါ် မည်သို့ သက်ရောက်မှုရှိနိုင်သည်ကို သိရှိစေရန် ဖြစ်ပါသည်။ နောက်ခံဆက်စပ် အကြောင်းအရာပေါင်းစုံတွင် အမျိုးသားများနှင့် ယောက်ျားလေးများအပေါ် ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမှာ အငြင်းပွားဖွယ် ခေါင်းစဉ်တစ်ခုအဖြစ် တည်ရှိနေဆဲဖြစ်သည်။ လူမှုအဖွဲ့အစည်း အများအပြားရှိ ယောက်ျားဆန်ခြင်းဆိုင်ရာ ယဉ်ကျေးမှု စံနှုန်းများနှင့် နက်ရှိုင်းစွာ အမြစ်တွယ်နေသော ကျား/မ gender ရေးရာ အယူစွဲများကြောင့် အဆင့်မြင့် ပညာတတ်များအနေနှင့်ပင် အမျိုးသားများကို လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၏ သားကောင်များအဖြစ် ရှုမြင်ကြရန် ခက်ခဲကြောင်း တွေ့ရှိရသည်။ အမျိုးသားတစ်ဦးမှ လိင်တူကိစ္စရပ်တစ်ခုအတွက် အတင်းအကြပ် ဖိအားပေး ခံရချင်းကို လိင်တူစိတ်ဝင်စားခြင်းကြောင့်ဖြစ်ပြီး ၎င်းကိုယ်တိုင်က စိတ်လိုလက်ရရှိခဲ့သည်ဟု လူအများအနေဖြင့် ယူဆခြင်းမှာ မထူးဆန်းပါ။ အဆိုပါယူဆချက်မှာ နစ်နာသူကို ပြစ်တင်ရှုတ်ချခြင်းတစ်မျိုးလည်း ဖြစ်သည်။ အကန့်အသတ်ရှိသော ရင်းမြစ်များနှင့် ရံပုံငွေအပေါ် ပြိုင်ဆိုင်ရခြင်းနှင့် အခြားသော အကြောင်းအရာများကြောင့် အမျိုးသမီးအရေးကို အားပေးထောက်ခံသူများအနေဖြင့် အဆိုပါကိစ္စရပ်ကို လျှော့ပေါ့စဉ်းစားခြင်းနှင့် အရေးမပါဟု သဘောထားခြင်းများကို ဖြစ်စေနိုင်သည်။ သင်တန်းပို့ချသူအနေဖြင့် ဖြစ်ပေါ်လာနိုင်သည့် အခြေတင်ဆွေးနွေးမှုအတွက် အသင့်ပြင်ဆင်ထားရန် လိုအပ်ပြီး ဖြစ်နိုင်ချေရှိသော သင်တန်းသားများ၏ အယူအဆလွဲမှားချက်များကို စိန်ခေါ်နိုင်ရန် လုပ်ဆောင်ရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင် ရန်အတွက် ကျွမ်းကျင်မှုနှင့် စိတ်ရှည်သည်းခံနိုင်မှုတို့ လိုအပ်မည်ဖြစ်သည်။ သင်တန်းပို့ချသူအနေဖြင့် အမျိုးသားပေါ်ဖြစ်စေ အမျိုးသမီးပေါ်ဖြစ်စေ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမှာ ကျား/မ gender ရေးရာ ရာဇဝတ်မှုတစ်ခု မဟုတ်ပဲ ကြီးနိုင်ငယ်ညှဉ်း ကျူးလွန်သော အကြမ်းဖက်မှုတစ်ခုသာဖြစ်ကြောင်းကို သင်တန်းသားများ နားလည်သဘောပေါက်စေရန် သေချာစွာ

ရှင်းပြရန် လိုအပ်ပါသည်။ သင်တန်းသားများအနေဖြင့် ဤအဓိက အဆိုကို ကောင်းစွာနားလည်သဘောမပေါက်ပါက ၎င်းတို့အနေဖြင့် ဖြစ်နိုင်ချေရှိသည့် သားကောင် အမျိုးအစားအုပ်စု တစ်ခုလုံး (ဥပမာ အမျိုးသားများ၊ မသန်စွမ်းများ၊ သက်ကြီးရွယ်အိုများ)နှင့် ဖြစ်နိုင်သော ကျူးလွန်သူ အမျိုးအစားအုပ်စု တစ်ခုလုံး (ဥပမာ လိင်ကွဲစိတ်ဝင်စားသူ အမျိုးသားများ)ကို မျက်ကွယ်ပြုမိခြင်း များ ဖြစ်ပေါ်နိုင်ပါသည်။

* * *

မိတ်ဆက်လုပ်ဆောင်ချက်အပြီးတွင် ဤသင်ခန်းစာကို အဓိက အပိုင်းသုံးပိုင်းအဖြစ်ခွဲခြားထားပါသည်။ ၎င်းတို့မှာအမျိုးသားများနှင့် ယောကျာ်းလေးများအပေါ် ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု အတိုင်းအတာနှင့် ပုံစံများ၊ အကြမ်းဖက်ခံရသူများအပေါ် သက်ရောက်မှုများနှင့် မည်သို့တုံပြန်ဆောင်ရွက်ရမည့် နည်းလမ်းများ slide ၅-၁၃ တို့တွင်၊ တရားမျှတမှုရရှိရေးဆောင်ရွက်ရာတွင် အကြမ်းဖက်ခံရသူ အမျိုးသားများ ကြုံတွေ့ရသည့် ဥပဒေရေးရာအတားအဆီးများ slide ၁၄-၁၅ နှင့် အမျိုးသားများကို ဦးတည်ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို မှတ်တမ်းတင်ရာတွင် အဓိက စဉ်းစားရမည့်အချက်များ slide ၁၆-၂၂ တို့ဖြစ်ပါသည်။

ပထမအပိုင်းတွင် အဓိကပေးလိုသည့် သတင်းစကားမှာ အမျိုးသားများကို ဦးတည်ကျူးလွန်သော CARSV ပဋိပက္ခ၊ ရက်စက် ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင် အကြမ်းဖက်မှုဆိုင်ရာ စာရင်းအင်းအချက်အလက်များပြည့်စုံစွာမရှိသော်လည်း ရရှိနိုင်သောအချို့သော လေ့လာဆန်းစစ်ချက်များအရ အမျိုးသားနှင့် အမျိုးသမီး အကြမ်းဖက်ခံရသူများအရေအတွက်မှာ လူအများ မှတ်ယူထားသကဲ့သို့ များစွာ ကွာခြားမှုမရှိကြောင်းတွေ့ရသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီအစီရင်ခံစာ ၂၀၁၃ခုနှစ် ဇွန်လတွင် UNSCR ၂၁၀၆ အားဖြင့် အမျိုးသားများနှင့် ယောကျာ်းလေးများသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၏ သားကောင်များဖြစ်ကြောင်းကို ပထမဆုံးအကြိမ်အဖြစ် အတိအလင်း အသိအမှတ်ပြုခဲ့သည်။

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျူ ၊ ၂၀၁၈

သင်တန်းပို့ချသူအနေဖြင့် အောက်ဖော်ပြပါ အဓိကအချက်များကို အာရုံစိုက်ရမည်။ (၁) နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် ဤဖြစ်ရပ်ကို ယခုမှ စတင်ကာ အလေးပေးလာခြင်းဖြစ်ပါသည်။ (၂) အမျိုးသားများနှင့် ယောကျ်ားလေးများသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများမှာ ပဋိပက္ခဖြစ်ပွားနေသော အခြေအနေ အများးစု သို့မဟုတ် အားလုံးတွင် ဖြစ်ပွားနေခြင်းဖြစ်သည်။ အဆိုပါအကြမ်းဖက်မှုများ ဖြစ်ပေါ်နေသော်လည်း မှတ်တမ်းတင်သူများမှ တက်ကြွစွာ သက်သေအထောက်ထားရှာဖွေနေခြင်း မဟုတ်ပါက သက်သေရှာတွေ့ နိုင်မည်မဟုတ်ပါ။ (၃) အမျိုးသားများကို ဦးတည်ကျူးလွန်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများသည် အလွန်ပင် သတင်းပို့တိုင်ကြားခံရခြင်းနည်းပါးပါသည်။ အဘယ်ကြောင့်ဆိုသော် ကျူးလွန်ခံရသူ အများးစုမှာ မယုံကြည် ခံရမည်ကို ကြောက်ရွံ့၍သော်လည်းကောင်း၊ လိင်တူစိတ်ဝင်စားသူများအဖြစ်သတ်မှတ်ခံရမည်ကို စိုးရွံ့၍ သော်လည်းကောင်း၊ လိင်တူကိစ္စရပ်များကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားသော နိုင်ငံများတွင် ဖမ်းဆီးခံရမည်ကို ကြောက်၍သော်လည်းကောင်းဖြစ်ပါသည်။ (၄) သင့်လျော်သော အထောက်အပံ့ ဝန်ဆောင်မှုများမရှိခြင်းနှင့် လုံခြုံစိတ်ချရသော နေရာများမရှိခြင်းက ကျူးလွန်ခံရသူ အမျိုးသားများ အနေဖြင့် သတင်းပို့တိုင်ကြားနိုင်ရန်အတွက် ပိုမို၍ အဟန့်အတားဖြစ်စေပါသည်။ (၅) နောက်ဆက်တွဲ ပြစ်ဒဏ်ခံရမှုမရှိပဲ အာဏာကို အလွဲသုံးစား လုပ်နိုင်သော အခြေအနေများတွင် အမျိုးသမီးများနှင့် မိန်းကလေးများကဲ့သို့ပင် အမျိုးသားများနှင့် ယောကျ်ားလေးများသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ခံရနိုင်ကြောင်းတွေ့ရှိရသည်။ ကျူးလွန်ခံရသူ အမျိုးသားအများစုမှာ ဖမ်းဆီးထိန်းသိမ်းခံရသူများ၊ တပ်သားများနှင့် ဒုက္ခသည်များတွင် တွေ့ရှိရသည်။ (၆) ပြစ်မှုကျူးလွန်သူ အများးစုမှာ လက်နက်ကိုင် အဖွဲ့အစည်းများနှင့် တပ်ဖွဲ့ဝင်များ ဖြစ်ကြသည် (ထောင်ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ စစ်သားများ၊ လက်နက်ကိုင် တပ်ဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေး ထိန်းသိမ်းရေး တပ်ဖွဲ့ဝင်များ)။ (၇) အမျိုးသားများနှင့် ယောကျ်ားလေးများအပေါ် ကျူးလွန်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများတွင် စအိုကို မုဒိမ်းကျင့်ခြင်းသာမကပဲ အခြားသော နည်းလမ်းများဖြင့် လည်း ကျူးလွန်နိုင်ပါသည် (ဥပမာ ဖမ်းဆီးခံရသူ အချင်းချင်း သို့မဟုတ် ဆွေမျိုး အချင်းချင်း ပါးစပ်ကို အတင်းအဓမ္မ လိင်ဆက်ဆံခိုင်းခြင်း သို့မဟုတ်

အတင်းအကြပ် လိင်ဆက်ဆံခိုင်းခြင်း၊ အတင်းအကြပ် အဝတ်အစား ချွတ်ခိုင်းခြင်း၊ လိင်ပိုင်းဆိုင်ရာ ညှည်းပန်းနှိပ်စက်ခြင်းနှင့် ကိုယ်လက်အင်္ဂါများ ဖြတ်တောက်ခြင်း၊ အတင်း အဝမ္မ မြုံစေခြင်း၊ လိင်ကျေးကျွန်ပြုခြင်း၊ အတင်းအကြပ် လက်ထပ်စေခြင်း)။

အကြမ်းဖက်ခံရသူအမျိုးသားများအပေါ် CARSV သက်ရောက်မှု (slide ၁၁-၁၂)၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင် အကြမ်းဖက်မှု၏ သက်ရောက်မှုများအကြောင်းကို ပြောရာတွင် သင်တန်းပို့ချသူအနေဖြင့် အခန်း ၂ (လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို သိရှိနားလည်ခြင်း) မှ ရုပ်ပုံဆလိုက်အချို့ကို ပြန်လည်ညွှန်းဆိုနိုင်ပါသည်။ ကျား/မ gender မရွေး အကြမ်းဖက်ခံရသူများမှ ကြုံတွေ့ရသော ကိုယ်ခန္ဓာပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုစီးပွားဆိုင်ရာနောက်ဆက်တွဲ သက်ရောက်မှုများအပြင် အမျိုးသားများ ကြုံတွေ့နိုင်သော သီးခြားသက်ရောက်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ စအို မုဒိမ်းကျင့်ခံရခြင်းကြောင့် နာတာရှည် ခါးနာခြင်းနှင့် စအိုနာကျင်ခြင်း၊ စအို ထိခိုက်မှု သို့မဟုတ် နာကျင်မှု သက်သာစေရန် အစာမစားခြင်း ကြောင့် အာဟာရပြတ်လပ်ခြင်း၊ အထူးသဖြင့် ထိုးသွင်းဆက်ဆံခံရပြီးနောက်တွင် ၎င်းတို့၏ လိင်ပိုင်းဆိုင်ရာ တိမ်းညွှတ်မှုကို ဝေခွဲမရဖြစ်နိုင်ခြင်း၊ နှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရခြင်းကြောင့် ကိုယ်ကာယဆောင်ရွက်နိုင်မှုအားနည်းခြင်းနှင့် (လူမှုအဖွဲ့အစည်းများမှ သတ်မှတ်ထားသော) မိရိုးဖလာ အခန်းကဏ္ဍဖြစ်သော အမျိုးသမီးများနှင့် ကလေးငယ်များကို ရှာဖွေကျွေးမွေးခြင်းနှင့် အကာအကွယ်ပေးခြင်းတာဝန်များကို စွမ်းဆောင်ရန် အားနည်းလာသောအခါတွင် ၎င်းတို့၏ ယောက်ျားဆန်မှုကို မေးခွန်းထုတ်လာနိုင်ခြင်းတို့ ဖြစ်ပါသည်။ သင်တန်းပို့ချသူအနေဖြင့် သင်တန်းသားများကို ဇီဝကမ္မဆိုင်ရာ တုံ့ပြန်မှုများနှင့် အကျွမ်းဝင်မှု ရှိမရှိ မေးမြန်းသင့်ပါသည်။ အကျွမ်းဝင်သည်ဆိုပါက ၎င်းတို့အနေဖြင့် ကျူးလွန်ခံရသူအမျိုးသားများမှ သဘာဝ အလျောက် တုံ့ပြန်မှုများ ဖြစ်သော လိင်တံတောင်မတ်လာခြင်းနှင့် သုတ်လွှတ်ခြင်းတို့နှင့် စပ်လျဉ်း၍ မည်သို့ တုံ့ပြန်ခဲ့သည်ကို မေးမြန်းသင့်ပါသည် (မုဒိမ်းကျင့်ခံနေရစဉ် သဘာဝအလျောက် ချောဆီထွက်ခြင်းကဲ့သို့သော အမျိုးသမီးများတွင် တွေ့ရလေ့ရှိသော ဇီဝကမ္မဆိုင်ရာ တုံ့ပြန်မှုများနှင့် အလားတူပါသည်)။ ကျူးလွန်ခံရသူ

အမျိုးသားများအနေဖြင့် ၎င်းတို့ပြန်မှုများမှာ မိမိစိတ်ဖြင့်ထိန်းချုပ်၍ရနိုင်သော တုံ့ပြန်မှုများမဟုတ်ကြောင်း နားလည်သဘောပေါက်နိုင်ချေ နည်းပါးပါသည်။ ထို့ကြောင့်၎င်းတို့အနေဖြင့် အပြစ်မကင်းသလို ခံစားရနိုင်ပြီး ၎င်းတို့၏ လိင်တိမ်းညွတ်မှုကို မေးခွန်းထုတ်ခြင်းများ ခံစားရနိုင်ပါသည်။ သင်တန်းသားများအနေဖြင့် ဤအခြေအနေနှင့် စပ်လျဥ်း၍ ကျူးလွန်ခံရသူများကို စိတ်သက်သာရာရစေရန် အထူးသဖြင့် ကြိုးစားအားထုတ်ပေးရမည်ဖြစ်ပြီး ဤသို့သော တုံ့ပြန်မှုများမှာ သာမန်သာဖြစ်ကြောင်းကို ၎င်းတို့၏ မိသားစု၊ လူမှုအဖွဲ့အစည်းနှင့် ဝန်ဆောင်မှုပေးအပ်သူများနားလည်အောင် ရှင်းပြနိုင်ရမည်ဖြစ်ပါသည်။

သင်တန်းပို့ချသူအနေဖြင့် ကျူးလွန်ခံရသူအပေါ် ၎င်း၏လူမှုအသိုင်းအဝိုင်းမှ အထင်အမြင်မှားယွင်းစွာ သတ်မှတ်ခံရခြင်းမျိုးကို ကျူးလွန်ခံရသူ၏ မိသားစုဝင်များမှပါ ခံစားနိုင်ရကြောင်း သေချာစွာ ရှင်းပြရန် လိုပါသည်။ ထို့အပြင် ကျူးလွန်ခံရသူကို အခြေပြု၍ တုံ့ပြန်ဆောင်ရွက်ချက်များမှာ ကျူးလွန်ခံရသူ အမျိုးသားများ အတွက်သာမက ၎င်းတို့၏ လက်တွဲဖော်များ၊ မိသားစုဝင်များနှင့် လူမှုအဖွဲ့အစည်းများအတွက်ပါ ထည့်သွင်း လုပ်ဆောင်ရန်လိုအပ်ပါသည်။ ကျူးလွန်ခံရသူ အမျိုးသားများအတွက် သင့်တော်သော ညွှန်းဆိုနိုင်မည့် နေရာများ ရှာဖွေရခြင်းမှာလည်း စိန်ခေါ်မှုများကြောင်းတွေ့ရသည်။ ကျူးလွန်ခံရသူများအနေဖြင့် အချင်းချင်း ဖေးမ ကူညီနိုင်ရန်နှင့် တစ်ကိုယ်တည်း အထီးကျန်နေခြင်းကို ပယ်ဖျက်နိုင်ရန်အတွက် အကူအညီပေးနိုင်သော အဖွဲ့အစည်းများကို ဝင်ရန်သို့မဟုတ် ထူထောင်ရန် အားပေးအားမြှောက် ပြုသင့်ပါသည်။ အမျိုးသားများကို ဦးတည်ကျူးလွန်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို မှတ်တမ်းတင်လိုသူများနှင့် ကူညီဖြေရှင်းပေးလိသူများအနေဖြင့် လက်တွေ့လုပ်ဆောင်မှု အခက်အခဲများ(ဥပမာ အမျိုးသားများ ထိခိုက် ဒဏ်ရာများ အတွက် ဝန်ဆောင်မှုပေးနိုင်သော ကျန်းမာရေးစောင့်ရှောက်မှု နေရာများ မရှိခြင်း၊ ကျူးလွန်ခံရသူ အမျိုးသားများမှာ လိင်တူစိတ်ဝင်စားသူများဖြစ်သည်ဟူသော လိင်တူဆန့်ကျင်မှု အမြင်ရှိသော ဝန်ဆောင်မှု ပေးသူများ) သာမက တစ်ဦးချင်းသို့မဟုတ် လူမှုအဖွဲ့အစည်းအဆင့်မှ အဆင့်မြင့်အဖွဲ့အစည်းဆိုင်ရာအဆင့် အထိ ဆန့်ကျင်မှုများ ကြုံတွေ့ရနိုင်ပါသည်။

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

slide ၁၄-၁၅ တွင် သက်ရှင်ကျန်ရစ်သူ အမျိုးသားများအနေဖြင့် တရားမျှတမှုကို ရယူရတွင် ကြုံတွေ့ရသော ဥပဒေရေးရာ အတားအဆီးများကို ဖော်ပြထားပါသည်။ သင်တန်းပို့ချသူအနေဖြင့် သင်တန်းမစတင်မီတွင် သင်တန်းသားများလုပ်ကိုင်ဆောင်ရွက်ရာ နိုင်ငံ၏ သက်ဆိုင်ရာ ဥပဒေမူဘောင်များကို ကြိုတင်လေ့လာထားသင့်ပါသည်။ သင်တန်းပို့ချသူအနေဖြင့် အောက်ဖော်ပြပါများကိုလည်း ကြိုတင် အတည်ပြုထားသင့်ပါသည်။ ၎င်းတို့မှာ (၁) မုဒိမ်းကျင့်ခြင်းနှင့် အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများမှာ သင်တန်းပို့ချလျက်ရှိသော နိုင်ငံတွင်း အဓိပ္ပါယ်ဖွင့်ဆိုမှုများတွင် ကျား/မ ဝိသေသ ကင်းသော သဘောဆောင်ခြင်း ရှိမရှိနှင့် အမျိုးသားများနှင့် ယောက်ျားလေးများကို လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရနိုင်သူ များအဖြစ် လက်ခံထားခြင်းရှိမရှိ (အမျိုးသမီးများကို အကြမ်းဖက်မှု ကျူးလွန်နိုင်ချေရှိသူများအဖြစ် လက်ခံထားခြင်း ရှိမရှိ) နှင့် (၂) မိမိသဘော ဆန္ဒအလျောက် သို့မဟုတ် မိမိသဘောဆန္ဒ မပါပဲ အတင်းအကြပ် လုပ်ဆောင်မှုများ အပါအဝင် လိင်တူကိစ္စရပ်များမှန်သမျှကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားခြင်း ရှိမရှိ (ဆိုလိုသည်မှာ အကြမ်းဖက်ခံရသူ အမျိုးသားအနေဖြင့် တိုင်တန်းမိပါက မိမိကိုယ်တိုင်ပါ အပြစ်ပေးခံရနိုင်သည့် အခြေအနေမျိုး) နှင့် ပြစ်မှုထင်ရှားပါက ကျခံရနိုင်သည့် ပြစ်ဒဏ် (ဥပမာ ငွေဒဏ်၊ ထောင်ဒဏ်၊ သေမိန့်ပေးခြင်း) တို့ဖြစ်ပါသည်။ မုဒိမ်းကျင့်ခြင်းနှင့် အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုမှုများတွင် အမျိုးသားများနှင့် ယောက်ျားလေးများကို လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရနိုင်သူ များအဖြစ် လက်ခံထားခြင်းရှိသော နိုင်ငံများတွင် သင်တန်းပို့ချသူအနေဖြင့် သင်တန်းသားများကို အကြမ်းဖက်မှု၏ လိင်ပိုင်းဆိုင်ရာ သဘောသဘာဝကို ထင်ဟပ်စေရန်အတွက် မုဒိမ်းကျင့်ခြင်းနှင့် အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများဟူသော ခေါင်းစဉ်အောက်တွင် ကျရောက်သည့် လုပ်ရပ်တိုင်းကို မှတ်တမ်းတင်ရန် (အခြားကျူးလွန်သော ပြစ်မှုများရှိပါကလည်း မှတ်တမ်းတင်ထားရန်) အားပေးရမည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းမဟုတ်ပါက သင်တန်းသားများ အနေဖြင့် သက်ဆိုင်ရာကျူးလွန်မှုများကို

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

ညှည်းပမ်းနှိပ်စက်မှု အဖြစ်သော်လည်းကောင်း လိင်ပိုင်းဆိုင်ရာ သဘောသဘာဝမပါဝင်သည့် အခြားသော ပြင်းထန်သည့် ကျူးလွန်မှုများအဖြစ် မှတ်တမ်းတင်နိုင်ပါသည်။

သင်တန်း၏ နောက်ဆုံးအပိုင်း slide ၁၆-၂၂ တွင် မှတ်တမ်းတင်ခြင်း လုပ်ငန်းစဉ်တလျောက် အဆိုပါကိစ္စရပ်များမှ ဖြစ်ပေါ်နိုင်သည့် သက်ရောက်မှုများကို ဆွေးနွေးကြရန်ဖြစ်ပါသည်။ သင်တန်းပို့ချသူ အနေဖြင့် စုံစမ်းစစ်ဆေးရေး ပြုလုပ်ရန် အစီအစဉ်ရေးဆွဲခြင်း၏ *ကနဦး အချက်အလက်စုဆောင်းခြင်းနှင့် စီစစ် လေ့လာခြင်းကာလ*အတွင်း ကောက်ခံရရှိခဲ့သော အစီအရင်ခံစာများ၊ ဆွေးနွေးမှုများ သို့မဟုတ် အချက်အလက်များတွင် အမျိုးသားများအနေဖြင့် အကြမ်းဖက်ခံခဲ့ရသည်ဟူသော သက်ဆိုင်ရာ ညွှန်းဆိုမှုများ မပါဝင်ခြင်းကြောင့် အဆိုပါ အကြမ်းဖက်မှုများ မဖြစ်ပွားခဲ့ပါဟု မှတ်ယူ၍မရကြောင်း ထပ်လောင်း ပြောကြားပါ။ အဆိုပါ အကြမ်းဖက်မှုများ၏ တည်ရှိမှု၊ သဘောသဘာဝနှင့် အကြမ်းဖက်မှု ပမာဏများကို ကျွမ်းကျင် ပညာရှင်များမှ တက်ကြွစွာ ရှာဖွေ၍ မှတ်တမ်းတင်မှု အဆင့်တိုင်းတွင် ပေါင်းစပ်ထားခြင်းမျိုး မပြုလုပ်ထားပါက တွေ့ရှိနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် အောက်ဖော်ပြပါများကို သတိထား လုပ်ဆောင်မှသာ တွေ့ရှိနိုင်မည်ဖြစ်သည်။ ၎င်းအချက်များမှာ (၁) တမူထူးခြားသော ညွှန်းကိန်းများကို ရှာဖွေခြင်း (ဥပမာ ဖမ်းဆီး ထိန်းသိမ်းခံရခြင်း သို့မဟုတ် အခြား ထိရှလွယ်သော အခြေအနေများ၊ အမျိုးသားများ လိင်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည် ချို့ယွင်းခြင်းနှင့် နာတာရှည် ခါးနာခြင်းကဲ့သို့သော ဖြစ်ရပ်များ တိုးမြင့်လာသည်ကို တွေ့ရသော ဆေးခန်းမှတ်တမ်းများ၊ (၂) ကျူးလွန်ခံရသူ အမျိုးသားများအပေါ် ပတ်ဝန်းကျင်၏ သဘောထားများနှင့် သက်ဆိုင်ရာ ဒေသတွင်း ဥပဒေများကို လေ့လာခြင်း၊ (၃) တရားဝင်နှင့် သာမန်ရိုးရှင်းသော အထောက်အပံ့ ဝန်ဆောင်မှုများရရှိနိုင်သည့် နေရာများကို ကျူးလွန်ခံရသူ အမျိုးသားများ အတွက် ညွှန်းဆိုနိုင်ဖို့ရာ လမ်းကြောင်းမြေပုံထုတ်ခြင်းနှင့် စိစစ်ခြင်း တို့ဖြစ်ပါသည်။ လက်တွေ့လုပ်ကိုင်ဆောင်ရွက်နေသူများ အနေဖြင့်လည်း သင့်တော်ရာ အထောက်အပံ့နေရာများ အဆင်သင့်မဖြစ်မီအချိန်အထိ ကျူးလွန်ခံရသူ အမျိုးသားများကို ချဉ်းကပ်ရန် ရှောင်ရှားခြင်းနှင့် ဆိုင်းငံ့ထားခြင်းများလည်း လုပ်ဆောင်နိုင်ပါသည်။

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

*အစီအစဉ်ရေးဆွဲခြင်း*နှင့် စပ်လျဉ်း၍ အမျိုးသားများကို ဦးတည်ကျူးလွန်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို မှတ်တမ်းတင်ခြင်း လုပ်ငန်းစဉ်တွင် ထည့်သွင်းဆောင်ရွက်နိုင်ရန်အတွက် အောက်ဖော်ပြပါများကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ (၁) အကြမ်းဖက်ခံရသူ အမျိုးသားများ အနေဖြင့် အဆိုပါ အကြမ်းဖက်မှုကို ဖော်ထုတ် ပြောဆိုနိုင်ရန်အတွက် လိုအပ်သော ယုံကြည်မှု တည်ဆောက်နိုင်ရန်အတွက် တွေ့ဆုံမေးမြန်းမှုများစွာ လိုအပ်နိုင်ပါသည်။ ထို့ကြောင့် အဆိုပါကိစ္စရပ်များကို သင့်လျော်စွာ ဖော်ထုတ်မှတ်တမ်းတင်ရာတွင် ကွင်းဆင်းဆောင်ရွက်ရချိန် ပိုမို ကြာမြင့်နိုင်ပါသည်။ (၂) ကျူးလွန်ခံရသူများ၏ ဦးစားပေး နှစ်သက်မှုအပေါ် မူတည်၍ စုံစမ်းစစ်ဆေးသူများနှင့် ဘာသာပြန်ပေးသူများ ၏ ကျား/မ gender၊ အသက်အရွယ်၊ လူမျိုး နှင့် အခြားသော သက်ဆိုင်ရာ အချက်များအပေါ်မူတည်၍ လူမျိုးစုံ ကွဲပြားစွာ ပါဝင်သော အဖွဲ့တစ်ခုရှိရန် လိုအပ်ပါသည်။ အဆိုပါ မှတ်တမ်းတင်အဖွဲ့ဝင်များကို ရွေးချယ်ရာ တွင်လည်း အဖွဲ့ဝင်များတွင် လိုအပ်သော ကျွမ်းကျင်မှုနှင့် သဘောထားများ၊ ကြိုးစားအားထုတ်မှုများ ရှိစေရန်လည်း ဂရုပြု ရွေးချယ်ရမည် ဖြစ်ပါသည်။ (၃) အခြားသော မတူညီသော သို့မဟုတ် ထပ်လောင်းရင်းမြစ်များ လိုအပ်နိုင်မှုနှင့် ၎င်းတို့၏ကုန်ကျစရိတ်ကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ အမျိုးသားများနှင့် ယောကျ်ားလေးများ အပေါ် ကျူးလွန်သော CARSV ပဋိပက္ခ၊ ရက်စက် ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင် အကြမ်းဖက်မှုဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားခြင်းကြောင့် ကိုယ်ရေးအချက်အလက်ဆိုင်ရာ နှင့် လျှို့ဝှက်ချက်အတွက် ယုံကြည်စိတ်ချရခြင်းဆိုင်ရာ ကိစ္စရပ်များတွင် ပိုမိုသတိထားရခြင်းတို့ကြောင့် ရံဖန်ရံခါတွင် မှတ်တမ်းတင်ခြင်း လုပ်ငန်းစဉ်တွင် ပိုမိုကြာမြင့်ခြင်း၊ ပိုမို စိန်ခေါ်မှုများခြင်း နှင့် ပိုမိုကုန်ကျခြင်းတို့ဖြစ်ပေါ်နိုင်ပါသည်။ သို့ရာတွင် ထိုသို့ အမြဲတစေ ဖြစ်ပွားခြင်းမျိုး မဟုတ်ပါ။ လက်တွေ့ဆောင်ရွက်ရာတွင်၊ ကျွမ်းကျင်ပြီး ထိရှလွယ်သော သဘောကို ကောင်းစွာကိုင်တွယ်နိုင်သော၊ အကြမ်းဖက်မှု ကျူးလွန်ခံရသူများမှ ဝေဖန်ထောက်ရှု ခံနေရသည်ဟု မခံစားစေရသော၊ စုံစမ်းစစ်ဆေးရေးမှူးများအနေဖြင့် အကြမ်းဖက်ခံရသူ အမျိုးသားများနှင့် အပြန်အလှန် ခင်မင်ရင်းနှီးမှုနှင့်

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

ယုံကြည်မှု တည်ဆောက်ပြီးချိန်တွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု သက်သေ အထောက်အထားများကို နှိုက်ထုတ်ရှာဖွေ နိုင်ကြောင်းနှင့် အကြမ်းဖက်ခံရသူ အမျိုးသမီးများနှင့်ဆိုင်သော ကိစ္စရပ်များနှင့်မခြားပဲ ပိုမို၍ ခက်ခဲမှု မရှိကြောင်းကို တွေ့ရပါသည်။

သင်တန်းပို့ချသူအနေဖြင့် သင်တန်းသားများအတွင်းမှ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၏ သားကောင်ဖြစ်ခဲ့ဖူးသော အမျိုးသားများကို တွေ့ဆုံမေးမြန်းဖူးသော အတွေ့အကြုံရှိပါက မျှဝေပေးရန်နှင့် ၎င်းတို့ကြုံတွေ့ခဲ့ရသော စိန်ခေါ်မှုများနှင့် အသုံးဝင်သော ချဉ်းကပ်ပုံနည်းလမ်းများရှိပါကလည်း မျှဝေပေးပါရန် တောင်းဆိုရမည်။ ယခင်က ဖော်ပြခဲ့သည့်အတိုင်း အခန်း ၁၁ (တွေ့ဆုံမေးမြန်းခြင်း) တွင် ပါဝင်သော ယေဘုယ လမ်းညွှန်ချက်များကို ကျူးလွန်ခံရသူ ကျား/မ gender မရွေး အသက်အရွယ်မရွေး အသုံးပြုနိုင်ပြီး CARSV ပဋိပက္ခ၊ ရက်စက် ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင် အကြမ်းဖက်မှု ဆိုင်ရာ ကျူးလွန်ခံရသူ ယောကျ်ားလေးများကို တွေ့ဆုံမေးမြန်းရာတွင် အခန်း ၁၆ (ကလေးသူငယ်များ အပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ) တွင် ဖော်ပြထားသော တိကျသည့်လမ်းညွှန်ချက်များကို သင့်လျော်သလို အသုံးပြုရန် လိုအပ်ပါသည်။

သင်တန်းပို့ချသူအနေဖြင့် သင်တန်းသားများကို တွေ့ဆုံမေးမြန်းခံရသူမှာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း ခံခဲ့ရသူ ဖြစ်နိုင်သည်ကို ညွှန်ပြနိုင်သော စကားပြော နှင့် စကားပြောမဟုတ်သည့် လက္ခဏာများနှင့် သဲလွန်စများကို စဉ်းစား၍ နားလည်သိမြင်နိုင်ရန် ကြိုးစားအားထုတ်ရန်အားပေးပါ slide ၂၁-၂၂။ ၎င်းတို့မှာ အိမ်သာခဏခဏသွားခြင်း၊ အကြမ်းဖက်မှု ကျူးလွန်သူ၏ ကျား/မ gender ကို အသားပေးသည့် ဖော်ထုတ်ပြောဆိုချက်များ ပြုလုပ်ခြင်း (ဥပမာ ကျွန်တော့်ကို စစ်သားများမှ နှိပ်စက်ခဲ့သည်ဟုပြောရမည့်အစား ယောကျ်ားများက နှိပ်စက်ခဲ့သည်ဟု ပြောဆိုခြင်း)၊ တွေ့ဆုံမေးမြန်းသူ/ဘာသာပြန်သူ၏ ကျား/မ ကွဲပြားမှုတွင် အားကောင်းသော ဦးစားပေးမှုကို ဖော်ပြခြင်းနှင့် ခါးနာသည်ဟု ညည်းညူခြင်းတို့ဖြစ်သည်။ သင်တန်းသားများအနေဖြင့်လည်း အဆိုပါလက္ခဏာများ မပြသည့်

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

အကြမ်းဖက်ခံခဲ့ရသူ အမျိုးသားများ ရှိနေနိုင်သည်ကို သဘောပေါက်ရန် လိုအပ်ပါသည်။ အဓိကပေးလိုသည့် သတင်းစကားမှာ အကြမ်းဖက်ခံရသူ အမျိုးသားများကို တွေ့ဆုံ မေးမြန်းခြင်းမှာ အကြမ်းဖက်ခံရသူ အမျိုးသမီးများကို တွေ့ဆုံမေးမြန်းရခြင်းနှင့် အခြေခံအားဖြင့် များစွာ ကွာခြားမှုမရှိပါ။ မည်သည့် အကြမ်းဖက်ခံရသူများနှင့် ဆက်စပ်သည့် ကိစ္စရပ်များမဆို အပြန်အလှန် ခင်မင်ရင်းနှီးမှုနှင့် ယုံကြည်မှု တည်ဆောက်ခြင်းမှာ အဓိကဖြစ်ပြီး တွေ့ဆုံမေးမြန်းသူများအနေဖြင့် အကြမ်းဖက်ခံရသူများအနေဖြင့် ဖွင့်ပြောရန် သက်တောင့်သက်သာ ဖြစ်လာသည့်အချိန်အထိ လိုအပ်သော အချိန်ကို ယူကြရန်ဖြစ်ပါသည်။ ကျူးလွန်ခံရသူအနေဖြင့် အပြစ်တင်ခံရမည်မဟုတ်ကြောင်း သေချာစွာ သဘောပေါက်စေရန် လိုအပ်ပါသည်။ အထူးသဖြင့် ကျူးလွန်ခံရသူအနေဖြင့် အဆိုပါလိင်ပိုင်းဆိုင်ရာ ကိစ္စရပ်များကို အခြားသူများနှင့်အတူလုပ်ဆောင်ရန် အတင်းအကြပ် ဖိအားပေးခံရသောအခါ (ဥပမာ အဖေမှ သမီးကို မုဒိမ်းကျင့်ရန် အတင်းစေခိုင်းခံရခြင်း သို့မဟုတ် ဖမ်းဆီးခံရသူအချင်းချင်း လိင်ပိုင်းဆိုင်ရာ မဖွယ်မရာ ပြုကြရန် အတင်းစေခိုင်းခြင်း) အခြားသူများနှင့် ဥပဒေမှ ကျူးလွန်ခံရသူများကို ကျူးလွန်သူများအဖြစ် မှားယွင်းမှတ်ယူကြမည်ကို စိုးရိမ်သောအခါတွင် ဖြစ်ပါသည်။ ဖမ်းဆီးထိန်းသိမ်းခံရခြင်း သို့မဟုတ် အခြားသော ထိရှလွယ်သည့် အခြေအနေတွင် ရောက်ရှိခဲ့သည့် အမျိုးသားများနှင့် ယောကျ်ားလေးများနှင့် တွေ့ဆုံမေးမြန်းရာတွင် တွေ့ဆုံမေးမြန်းသူအနေဖြင့် ကျူးလွန်ခံရသူများကို ၎င်းတို့နှင့် တွေ့ဆုံမေးမြန်းရာတွင် လုံခြုံစိတ်ချစွာ ပြောဆိုနိုင်ကြောင်းနှင့် တွေ့ဆုံမေးမြန်းမှု နောက်ပိုင်းအဆင့်များတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် ဆက်ဆိုင်သည့် အကြောင်းအရာကို မဆွေးနွေးရသေးပါက တွေ့ဆုံမေးမြန်းသူအနေဖြင့် ကျူးလွန်ခံရသူများကို လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း ခံခဲ့ရမှု ရှိမရှိ သို့မဟုတ် မျက်မြင်တွေ့ခဲ့ရမှု ရှိမရှိကို အထူးသဖြင့် မေးမြန်းရန် လိုအပ်ပါသည်။

## သင်ခန်းစာ အဆုံးသတ်ခြင်းနှင့် ကောက်ချက်ဆွဲခြင်း

သင်ခန်းစာများ၏ နောက်ဆုံးအဆင့်ဖြစ်ပြီး သင်တန်းပို့ချသူအနေဖြင့် သင်တန်းကာလအတွင်း သင်တန်းသားများ သင်ယူခဲ့ရသောအကြောင်းအရာများနှင့် ဆွေးနွေးခဲ့သော အကြောင်းအရာများကို

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

ပြန်လည်သုံးသပ်ရန် နောက်ဆုံးသင်တန်းချိန်တစ်ချိန် လုပ်ဆောင်သင့်ပါသည်။ သင်တန်းသားများအနေဖြင့် သင်ခန်းစာများနှင့် လေ့ကျင့်ခန်းများနှင့် ပတ်သက်သည့် မေးခွန်းများကျန်ရှိနေသေးပါက ဤသင်တန်းချိန် အတွင်းတွင် မေးမြန်းနိုင်ပါသည်။ သင်တန်းဆရာအနေဖြင့် သင်တန်းသားများကို သင်တန်းအစတွင် ၎င်းတို့အနေဖြင့် ပဋိပက္ခနှင့် ရက်စက်ကြမ်းကြုတ်မှုဆိုင်ရာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို မည်သို့ စုံစမ်းစစ်ဆေး၍ မှတ်တမ်းတင်ရမည်ကို သင်တန်းအပြီးတွင် ပိုမို သဘောပေါက် နားလည်လာခြင်း ရှိမရှိနှင့် အနာဂတ်တွင် ၎င်းတို့၏လုပ်ငန်းဆောင်တာများ၌ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့် သင်ထောက်ကူ ပစ္စည်းများကို လမ်းညွှန်ချက်များအဖြစ် ထည့်သွင်း အသုံးချနိုင်ခြင်း ရှိမရှိကို မေးမြန်းသင့်ပါသည်။ သင်တန်းပို့ချသူအနေဖြင့် ဤသင်ထောက်ကူ ပစ္စည်းများကို အသုံးပြု၍ သင်တန်းများ ဆက်လက်ပို့ချမည် ဆိုပါက သင်ခန်းစာများနှင့် လေ့ကျင့်ခန်းများအပေါ် သင်တန်းသားများ၏ အကြံပြုချက်များကို တောင်းဆိုသင့်ပါသည်။ သင်တန်းသားများအနေဖြင့် သင်တန်းချိန်အချို့အတွက် အချိန်ပိုလိုအပ်ခြင်း သို့မဟုတ် အချိန်သိပ်မလိုအပ်ခြင်း များရှိမရှိလဲ မေးမြန်းသင့်ပါသည်။ ၎င်းမှာ သင်တန်းပို့ချသူအနေဖြင့် အနာဂတ်တွင် ပို့ချမည့် သင်တန်းများအတွက် ချဉ်းကပ်ပုံနှင့် ကြာချိန်ကို ချိန်ညှိနိုင်စေရန် အထောက်အကူ ပြုမည် ဖြစ်ပါသည်။

* * *

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈